ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly
# INFLATION REPORT
Mar, 2019

အကြောင်းအရာ။ **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၆၂.၉၆** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၂၈.၉၈** ရှိပါသည်။ **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၏ အုပ်စုအားလုံး အတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၄၈.၈၅** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၄၇.၈၉** နှင့် နှိုင်းယှဉ်ပါက **၀.၆၄%** မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် ဈေးနှုန်း တည်ငြိမ်မှုမရှိသည့်အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၏ စားသုံးသူဈေးဆနှုန်း**(Core CPI) **မှာ ၁၂၅.၈၅** ဖြစ်ရာ **ယခင်လ၏** Core CPI ဖြစ်သည့် **၁၂၅.၁၉** နှင့် နှိုင်းယှဉ်ပါက **၀.၅၃%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၄၈.၈၅** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၃၉.၅၁** နှင့် နှိုင်းယှဉ်ပါက **၆.၆၉%** မြင့်တက်လာပါသည်။ **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၏** Core CPI **မှာ ၁၂၅.၈၅ ဖြစ်ရာ ယခင်နှစ် အလားတူလ၏** Core CPI အခြေအနေ **၁၁၈.၃၆** နှင့် နှိုင်းယှဉ်ပါက **၆.၃၃%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၆၂.၉၆** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၇၈%** မြင့်တက်လာပါသည်။ ဆန်(ငစိန်၊ ဧည့်မထ၊ ငကြွ) ဈေးနှုန်းများ၊ မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ ဟင်းရွက်ဆီ၊ ကြက်သား၊ ဘဲသား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားဈေးနှုန်းများ၊ ငါးဈေးနှုန်းများ၊ ပုစွန်တုပ်၊ ပုစွန်ကျော့ဈေးနှုန်းများ၊ ဘဲဥ၊ ကြက်ဥဈေးနှုန်းများ၊ ဂေါ်ဖီထုပ်/ငရုတ်သီးခြောက် (အပု/အရှည်) ဈေးနှုန်းများ မြင့်တက်နေသော်လည်း ပဲဈေးနှုန်းများ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၂၈.၉၈** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၄၀%** မြင့်တက်လာပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ အနည်းငယ် ပြန်လည်မြင့်တက်လာပါသည်။ ထို့ပြင် အခြားအသုံးအဆောင်ပစ္စည်းများဖြစ်ကြသော ရွှေထည်ပစ္စည်းများ၊ အမျိုးသမီး/

အမျိုးသား ဝတ်လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ သားရေဖိနပ်၊ ရော်ဘာဖိနပ်နှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာလည်း ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၅။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လနှင့် နှိုင်းယှဉ်ပါက သိသိသာသာဆက်လက်ကျဆင်းလာသော်လည်း နိုင်ငံခြားငွေလဲနှုန်းနှင့် ဆက်စပ်လျက်ရှိသော သွင်းကုန်ဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများမှာ ပြည်ပမှတင်သွင်းသည့် ဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည့်အတွက် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ သိသာစွာ ကျဆင်းလာသော်လည်း ပြည်ပမှတင်သွင်းသည့် လောင်စာဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်လာသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်း၊ အသား၊ ငါးနှင့်ဥ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ရွှေဈေးနှုန်း မြင့်တက်နေခြင်းနှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၇.၀၇%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၅.၇၃%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း**(Year on Year Inflation) မှာ ၆.၆၉ % ဖြစ်ပြီး **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း** (Core Inflation) မှာ ၆.၃၃% ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၉ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ စားသုံးသူဈေးဆန္နန်း နှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၄၈.၈၅ ဖြစ်ရာ ယခင်လ အခြေအနေ ၁၄၇.၈၉ နှင့် နှိုင်းယှဉ်ပါက ၀.၆၄% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုမှာ သိသာစွာကျဆင်းလာသော်လည်း အိမ်လခ၊ အိမ်ပြင်ခ အုပ်စု နှင့် ဆက်သွယ်ရေးအုပ်စုတို့မှာ အနည်းငယ်သာကျဆင်းခဲ့ပါသည်။ သို့သော် အပန်းဖြေခြင်း နှင့် ယဉ်ကျေးမှုအုပ်စုမှာ ပြောင်းလဲမှုမရှိဘဲ ကျန်အုပ်စုများမှာမူ ယခင်လကထက် မြင့်တက် လျက်ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆန္နန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြ အပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၆၂.၉၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၇၈% မြင့်တက်လာပါသည်။ ယခုလတွင် ဆန် (ဧည့်မထ)ဈေးနှုန်းမှာ ၀.၅၈%မြင့်တက်လာပြီး မြေပဲဆီ ၀.၃၄%၊ နှမ်းဆီ ၁.၂၅%၊ ကြက်သား ၁.၂၆%၊ ဝက်သား ၀.၂၅%၊ အမဲသား ၁.၀၁%၊ ဘဲဥ ၁.၃၆%၊ ကြက်ဥ ၀.၄၃%၊ ငါးရှဉ့် ၁.၆၆%၊ ငါးရံ့ ၁.၈၁% နှင့် ငါးမြစ်ချင်း ၁.၇၈% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မန်ကျည်းသီးနှင့် ဂျင်းဈေးနှုန်းများမှာ ကျဆင်းလာ သော်လည်း ဆား၊ အချိုမှုန့် နှင့် ငရုတ်သီးမှုန့် ဈေးနှုန်းများမှာ မြင့်တက်နေ ပါသည်။ သစ်သီးများဖြစ်ကြသော ငှက်ပျောသီး၊ အုန်းသီး၊ လိမ္မော်သီး၊ ပန်းသီး၊ နာနတ်သီး၊ သံပုရာသီး၊ ရှောက်သီး ဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များ

ဖြစ်ကြသော အာလူး၊ ခရမ်းချဉ်သီး၊ မုန်လာဥဖြူ၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ သခွားသီးနှင့် ပဲတောင့်ရှည်သီး ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိပါသည်။ ပဲဈေးနှုန်းများမှ ဆက်လက်ကျဆင်းလျက်ရှိပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၄၅.၂၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၂.၀၂% ကျဆင်းလာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကွမ်းရွက်၊ ကွမ်းသီး(အခြမ်း၊ အလုံး) နှင့် ဆေးရွက်ကြီး များသည် ဒေသအတွင်း ထွက်ရှိမှုများလာသောကြောင့် ဈေးနှုန်းများ ကျဆင်း လာပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၄.၅၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၂% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤ အုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း)၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအရှည်၊ အမျိုးသမီးဝတ်အင်္ကျီနှင့် ရော်ဘာဖိနပ် ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၅၂.၃၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ်သာကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော ဓနိ၊ သက်ကယ်၊ အုတ်ဈေးနှုန်းများနှင့် ထင်းဈေးနှုန်းများ အနည်းငယ်ကျဆင်းလာခဲ့၍ ဖြစ်ပါ သည်။ ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် အုတ်ဖုတ်လုပ်ငန်းများ ပြန်လည် လုပ်ကိုင် လာခြင်းကြောင့် အုတ်ဈေးနှုန်းများကျဆင်းလာပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၅.၈၄ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၁၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ် ကြသည့် ဖျာ(သင်ဖြူး)၊ ခြင်ထောင်၊ ရေခဲသေတ္တာ၊ ဒန်သတ္တု၊ သောက်ရေအိုး၊ မီးစက်၊ ရေစုပ်စက်၊ ဓာတ်ခဲ၊ မီးချောင်း၊ ဆပ်ပြာမှုန့် နှင့် ယာဉ်မောင်းခ ဈေးနှုန်း များ အနည်းငယ် ဆက်လက်မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၄၉.၆၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၈၄% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ရာသီအကူးအပြောင်းကာလဖြစ်သောကြောင့် ဖျားနာသူများလာသဖြင့် ဆေးရုံစရိတ်၊ ဆေးစျေးနှုန်းများနှင့် ဆေးကုသခ စျေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၀၉.၂၈ ရှိ၍ ယခင်လအခြေအနေ ၁၀၈.၁၃ နှင့် နှိုင်းယှဉ်ပါက ၁.၀၇% ဖြင့် မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုစျေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီ တစ်ဂါလန်လျှင် ၃၆၀၁.၉၅ ကျပ် မှ ၃၆၅၇.၈၂ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၁၇၃.၄၆ ကျပ် မှ ၄၂၃၇.၅၆ ကျပ်သို့ လည်းကောင်း စျေးနှုန်းများ အသီးသီး ပြန်လည်မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၀၁.၇၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းများမှာ စျေးကွက်အတွင်း ကုန်ပစ္စည်းအသစ်များ ထွက်ရှိမှုများလာသဖြင့် Model အဟောင်း စျေးနှုန်းများကျဆင်းလာခဲ့၍ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၁၀.၀၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။

(ည) **ပညာရေးအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၃၃.၈၈ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၁၈% မြင့်တက်လာပါသည်။ နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သဖြင့် သင်တန်းတက်သူများပြားလာ၍ ဤအုပ်စုအတွင်းရှိ သင်တန်းကြေးစျေးနှုန်းများမှာ အနည်းငယ်မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ စျေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၆.၈၃ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၂၁% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် အကြော်စုံ၊ အသုပ်စုံ၊

လက်ဖက်ရည်/ကော်ဖီနှင့် လက်ဖက်အစိုဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၃၇.၄၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၂၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ(အမျိုးသား/အမျိုးသမီး)၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ မိတ်ကပ်၊ ရွှေနှင့် လက်ဝတ်ရတနာဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၈.၉၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၄၀% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

**၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၈.၈၅ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၃၉.၅၁ နှင့် နှိုင်းယှဉ်ပါက ၆.၆၉% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၆၂.၉၆ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အခြေအနေ ၁၅၁.၂၀ နှင့် နှိုင်းယှဉ်ပါက ၇.၇၈%ဖြင့် သိသိသာသာ မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၈.၅၆% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၇.၁၅%၊ နှမ်းဆီ ၁၂.၄၆%၊ ကြက်သား ၅.၇၁%၊ ဝက်သား ၆.၀၁%၊ အမဲသား ၂၀.၄၁%၊ ဘဲဥ ၁၃.၇၉%၊ ကြက်ဥ ၁၅.၀၄%၊ ငါးခူ ၁၀.၇၆%၊ ငါးရံ့ ၆.၈၁%၊ ပုစွန်ခြောက် ၁၃.၁၃%၊ ငါးရံ့ခြောက် ၇.၁၃% နှင့် ရေကျိုငါးပိ ၃.၄၅% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၃.၁၁% ကျဆင်းလျက်ရှိပါသည်။ မီးဖိုချောင်သုံး ပစ္စည်းများတွင် ကြက်သွန်နီ ၅၇.၁၃%၊ ကြက်သွန်ဖြူ ၄၄.၆၀%၊ နှင့် ကုလားပဲခြမ်း ၂၁.၁၁% တို့ ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၄၅.၂၇ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၂.၀၂% ကျဆင်းနေ

ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကွမ်းရွက်နှင့် ကွမ်းသီး (အခြမ်း/အလုံး) ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာကျဆင်းလာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၄.၅၅ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် နှိုင်းယှဉ်ပါက ၅.၁၁% မြင့်တက်လာကြောင်းတွေ့ ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ သားရေဖိနပ် နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၅၂.၃၇ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၆.၃၇% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးဈေးနှုန်းများ၊ အိမ်ပြင်ခ၊ အလုပ်သမားခ၊ ဂက်(စ်) ဓာတ်ငွေ့ နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၅.၈၄ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၇.၅၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၄၉.၆၅ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် နှိုင်းယှဉ်ပါက ၉.၁၆% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေး နှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၀၉.၂၈ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် နှိုင်းယှဉ်ပါက ၃.၉၇% ဖြင့် ဆက်

လက်မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆန္နန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၃၈၉၅.၉၂ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၂၃၇.၅၆ ကျပ်သို့ သိသိသာသာမြင့်တက်လာသော်လည်း ဓာတ်ဆီဈေးနှုန်းမှာမူ တစ်ဂါလန်လျှင် ၃၉၈၅.၆၁ ကျပ်ရှိရာမှ ယခုနှစ်တွင် ၃၆၅၇.၈၂ ကျပ်သို့ ကျဆင်းလာခဲ့ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၀၁.၇၅ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၀.၈၇% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၁၀.၀၅ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် နှိုင်းယှဉ်ပါက ၃.၇၁% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ ဂျာနယ်၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဖူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၃၃.၈၈ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၉.၁၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၆.၈၃ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် နှိုင်းယှဉ်ပါက ၃.၉၆% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ လက်ဖက်ရည်၊

ကော်ဖီ၊ ရေခဲမုန့်နှင့် လက်ဖက်အစို ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၃၇.၄၄ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၀.၀၃% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၄.၀၄%၊ သနပ်ခါး ၉.၂၁%၊ မိတ်ကပ် ၁၅.၆၃%၊ သွားတိုက်ဆေး ၁၈.၁၈% နှင့် လွယ်အိတ် ၂၆.၅၅% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၈.၉၈ ရှိ၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၄.၈၁% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် ဆက်သွယ်ရေးအုပ်စုမှလွဲ၍ ကျန်အုပ်စု၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် မတ်လမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် မတ်လတွင် ၁၃၉.၁၁ ရှိရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ၁၄၈.၉၅ သို့ မြင့်တက်လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ သိသာစွာ ကျဆင်းလာခြင်းကြောင့် ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်း၊ ဆန်အသစ် ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများ ကျဆင်းလာခြင်း၊ ဆောင်းရာသီ ဖြစ်ခြင်းကြောင့် အသီးအနှံဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက် ဈေးနှုန်းများနှင့် ကုန်ခြောက်ပစ္စည်း ဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းလာပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ၌ နိုင်ငံခြားငွေလဲနှုန်းများ ဆက်တိုက်ကျဆင်းလာသော်လည်း၊ အသား၊ငါးနှင့်ဥဈေးနှုန်းများ မြင့်တက်လာခြင်း နှင့် ရွှေဈေးနှုန်းများ မြင့်တက်နေခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်း ပြန်လည်မြင့်တက်လာခဲ့ရာ ဖေဖော်ဝါရီလ၌ ဆက်လက်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


၂။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက ရခိုင်ပြည်နယ်တွင် အနည်းငယ် ကျဆင်းနေသည်မှလွဲ၍ ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် မြင့်တက်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁.၉၃% ဖြင့် အများဆုံး မြင့်တက်လာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၀.၁၆% ဖြင့် အနည်းဆုံးမြင့်တက်နေပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် မတ်လမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် မတ်လတွင် ၅.၄၂% အနိမ့်ဆုံးဖြစ်ပေါ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာ

လတွင် ၈.၈၅% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ပွင့်လင်းရာသီ ဖြစ်သော နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ရာသီဥတုအခြေအနေပြန်လည် ကောင်းမွန်လာခြင်း၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်လာခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ၌ ၆.၁၄% သို့ လျော့နည်း လာပါသည်။ သို့သော် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ၆.၆၉% သို့ အနည်းငယ် ပြန်လည် မြင့်တက်လာပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နှစ် ပျမ်းမျှ ၇.၀၇% ရှိ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ တစ်နှစ်ပျမ်းမျှ ၆.၉၄% နှင့် နှိုင်းယှဉ်ပါက ၀.၁၃% ပိုမိုလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်မတ်လမှ ၂၀၁၉ ခုနှစ်ဖေဖော်ဝါရီ အထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကိုလေ့လာပါက ၂၀၁၈ ခုနှစ် မတ်လတွင် ၄.၀၃% ရှိခဲ့ရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ၇.၀၇%ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ ကြောင်းတွေ့ရှိခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၀.၇၂% ဖြင့် အမြင့်ဆုံး၊ မကွေးတိုင်းဒေသ

ကြီးတွင် ၁၀.၆၄% ဖြင့် ဒုတိယအမြင့်ဆုံး၊ ရခိုင်ပြည်နယ်တွင် ၁၀.၀၅% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီး တွင် ၁၁.၈၉% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ကချင်ပြည်နယ်တွင် ၁.၄၀%ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ပြန်လည်မြင့်တက်လာပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါကလည်း များစွာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ တရုတ်အစိုးရမှ တရားမဝင် ကုန်သွယ်မှုကို ထိန်းချုပ်လိုသောသဘောဖြင့် မူဆယ် မှ ဝယ်ယူသည့် ဆန်အပါအဝင် လယ်ယာထွက်ကုန်အချို့ ဝယ်ယူမှုရပ်နားထားသောကြောင့် ဈေးနှုန်းများ ကျဆင်းလာပါသည်။ သို့သော် ဆန်စပါးအသစ်ရိတ်သိမ်းချိန်ဖြစ်၍ ဆန်အသစ်ဈေးနှုန်းများ ကျဆင်းနေသော်လည်း ဈေးကွက်အတွင်း ဆန်အဟောင်းများ ရှားပါးနေသည့်အတွက် ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်ကြသော မြေပဲဆံ နှင့် နှမ်းများကို ပြည်ပဝယ်လိုအား ကောင်းမွန်သော်လည်း အထွက်နည်းခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ စားအုန်းဆီဈေးနှုန်းမှာ ယခင်လကထက် အနည်းငယ် ပြန်လည်မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၉.၀၁ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၅၁.၇၀ သို့ မြင့်တက်နေသောကြောင့် ပြည်တွင်း စားအုန်းဆီဈေးနှုန်းများလည်း အနည်းငယ် မြင့်တက်လာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများမှာ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများ ရှိနေခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်းမွေးမြူရေး

ကဏ္ဍ၌ တိရိစ္ဆာန်အစာမလုံလောက်ခြင်း၊ မွေးမြူရေးလုပ်ငန်းသုံး အစာကုန်ကြမ်းများဖြစ်ကြသော ပဲဖတ်၊ နှမ်းဖတ်နှင့် ဆီထွက်သီးနှံမှရရှိသော ကုန်ကြမ်းအားလုံး ဈေးနှုန်းများ မြင့်တက်လျက်ရှိနေသောကြောင့် အသားဈေးနှုန်းများ မြင့်တက်လာပါသည်။ အလားတူ ငါးစာဈေးနှုန်းများ မြင့်တက်နေပါသဖြင့် ငါးမွေးမြူရေးလျော့ကျကာ ဈေးကွက်အတွင်း ငါးဝင်ရောက်မှု နည်းလာသည့်အတွက် ငါးဈေးနှုန်းများလည်း မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ကြက်စာဘဲစာဈေးနှုန်းများ မြင့်တက်နေခြင်းနှင့် ဥထွက်နှုန်းကျဆင်းခြင်းတို့ကြောင့် ကြက်ဥနှင့်ဘဲဥဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက အများအားဖြင့် ဈေးနှုန်းများမြင့်တက်နေပြီး၊ ဒေသအတွင်းထွက်ရှိသော ကုန်ပစ္စည်းများသာ ဈေးနှုန်းများကျဆင်းလာပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူ နှင့် ကြက်သွန်နီ ဈေးနှုန်းများမှာ သိသိသာသာကျဆင်းလာပါသည်။ လှောင်ကြက်သွန်နီမဟုတ်သော မိုးကြက်သွန်နီ(အသစ်)များပြည်တွင်းဈေးကွက်သို့ လှိုင်လှိုင် ဝင်ရောက်လာသောကြောင့် အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့ပါသည်။ အစိုဓာတ်အနည်းငယ်ရှိနေသဖြင့် ရက်ကြာသည်နှင့်အမျှ အလေးချိန်လျော့နည်းလာသည့်အတွက် အမြန်ဆုံးရောင်းချမှုများ ရှိလာပြီး ဈေးနှုန်းများ ကျဆင်းလာပါသည်။ ပဲမျိုးစုံဈေးကွက်တွင်လည်း အိန္ဒိယမှ အဝယ်ရပ်ဆိုင်းထားခြင်းကြောင့် ပဲဈေးနှုန်းများကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၀၁၀၇၀၆.၁၉ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၂.၃၁% ဆက်လက်မြင့်တက်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၁၄.၁၄% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၂၉၁.၈၃ ရှိရာ မှ ၁၃၂၀.၅၂ သို့ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေ

ဈေးနှုန်း မြင့်တက်လာသည်နှင့်အတူ မြန်မာ့ရွှေဈေးနှုန်းများလိုက်ပါ မြင့်တက်လာပါသည်။

(ဆ) ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀.၇၄ မှ ၇၇.၄၆ သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၉.၀၆ မှ ၆၄.၀၇ သို့သိသိသာသာမြင့်တက်လာသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများမှာ အနည်းငယ် ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် မြင့်တက်နေသော်လည်း ယခင်လနှင့်နှိုင်းယှဉ်ပါက သိသိသာသာ ဆက်လက်ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။

၈။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် လောင်စာဆီဈေးနှုန်းများမြင့်တက်ခြင်းနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမြင့်တက်ခဲ့ပြီး နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း မြင့်တက်လာပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၉.၅၁** | **၁၄၇.၈၉** | **၁၄၈.၈၅** | **၀.၆၄** | **၆.၆၉** | **၇.၀၇** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၅၁.၂၀** | **၁၆၁.၇၀** | **၁၆၂.၉၆** | **၀.၇၈** | **၇.၇၈** | **၇.၀၅** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၆၅.၁၂ | ၁၄၈.၂၆ | ၁၄၅.၂၇ | -၂.၀၂ | -၁၂.၀၂ | ၅.၂၄ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၈.၄၉ | ၁၂၄.၁၅ | ၁၂၄.၅၅ | ၀.၃၂ | ၅.၁၁ | ၃.၄၁ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၄၃.၂၅ | ၁၅၂.၄၁ | ၁၅၂.၃၇ | -၀.၀၃ | ၆.၃၇ | ၇.၈၃ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၇.၀၂ | ၁၂၅.၆၁ | ၁၂၅.၈၄ | ၀.၁၉ | ၇.၅၄ | ၅.၀၇ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၇.၁၀ | ၁၄၆.၉၅ | ၁၄၉.၆၅ | ၁.၈၄ | ၉.၁၆ | ၆.၂၂ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၁၀၅.၁၁ | ၁၀၈.၁၃ | ၁၀၉.၂၈ | ၁.၀၇ | ၃.၉၇ | ၁၀.၁၄ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၆၅ | ၁၀၁.၇၈ | ၁၀၁.၇၅ | -၀.၀၃ | -၀.၈၇ | ၂.၆၁ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၆.၁၁ | ၁၁၀.၀၄ | ၁၁၀.၀၅ | ၀.၀၀ | ၃.၇၁ | ၂.၃၈ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၆၇ | ၁၃၃.၆၃ | ၁၃၃.၈၈ | ၀.၁၈ | ၉.၁၄ | ၆.၈၅ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၂၀.၉၉ | ၁၂၆.၅၆ | ၁၂၆.၈၃ | ၀.၂၁ | ၃.၉၆ | ၈.၃၅ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၄.၉၁ | ၁၃၅.၇၉ | ၁၃၇.၄၄ | ၁.၂၂ | ၁၀.၀၃ | ၆.၀၀ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၂၃.၀၅** | **၁၂၈.၄၆** | **၁၂၈.၉၈** | **၀.၄၀** | **၄.၈၁** | **၇.၁၃** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း**(Core CPI) | **၃၄.၂၉** | **၁၁၈.၃၆** | **၁၂၅.၁၉** | **၁၂၅.၈၅** | **၀.၅၃** | ***၆.၃၃** | ***၅.၇၃** |

* **အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း**(Core Inflation)

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၄၈.၆၁ | ၁၅၀.၃၁ | ၁၅၀.၆၈ | ၀.၂၅ | ၁.၄၀ | ၆.၇၉ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၅.၇၇ | ၁၅၀.၄၂ | ၁၅၀.၉၅ | ၀.၃၅ | ၃.၅၅ | ၄.၁၆ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၆.၇၁ | ၁၃၄.၉၇ | ၁၃၅.၂၈ | ၀.၂၂ | ၆.၇၆ | ၇.၁၁ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၄.၅၀ | ၁၉၈.၄၀ | ၁၉၉.၄၂ | ၀.၅၂ | ၈.၀၉ | ၆.၃၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၆.၂၇ | ၁၄၅.၇၅ | ၁၄၈.၅၆ | ၁.၉၃ | ၉.၀၂ | ၅.၈၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၂၄.၇၅ | ၁၃၃.၈၇ | ၁၃၄.၂၀ | ၀.၂၄ | ၇.၅၈ | ၇.၅၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၅.၅၃ | ၁၄၄.၁၅ | ၁၄၄.၆၁ | ၀.၃၂ | ၆.၇၀ | ၅.၇၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၄၀.၁၁ | ၁၅၅.၅၂ | ၁၅၆.၇၇ | ၀.၈၁ | ၁၁.၈၉ | ၁၀.၆၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၃၄.၉၇ | ၁၄၀.၄၂ | ၁၄၁.၅၅ | ၀.၈၁ | ၄.၈၇ | ၅.၇၀ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၉.၈၂ | ၁၄၀.၆၉ | ၁၄၁.၇၁ | ၀.၇၃ | ၉.၁၆ | ၉.၃၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၇၄.၇၂ | ၁၈၄.၈၉ | ၁၈၄.၃၃ | -၀.၃၀ | ၅.၅၀ | ၁၀.၀၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၃၂.၄၉ | ၁၃၇.၇၁ | ၁၃၇.၉၃ | ၀.၁၆ | ၄.၁၁ | ၅.၆၁ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၉.၉၃ | ၁၅၉.၄၅ | ၁၆၀.၅၆ | ၀.၇၀ | ၇.၀၉ | ၇.၉၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၄၁.၃၁ | ၁၄၇.၁၁ | ၁၄၇.၉၈ | ၀.၅၉ | ၄.၇၂ | ၆.၀၆ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၈.၈၉ | ၁၃၂.၃၄ | ၁၃၃.၀၈ | ၀.၅၆ | ၃.၂၆ | ၄.၀၁ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၄၀.၁၂ | ၁၄၉.၅၉ | ၁၄၉.၉၆ | ၀.၂၄ | ၇.၀၂ | ၆.၇၀ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၃၃.၂၀ | ၁၄၀.၅၇ | ၁၄၂.၄၇ | ၁.၃၅ | ၆.၉၆ | ၁၀.၇၂ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၉.၈၂ | ၁၃၇.၀၅ | ၁၃၈.၇၅ | ၁.၂၄ | ၆.၈၇ | ၇.၁၀ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၉.၅၁** | **၁၄၇.၈၉** | **၁၄၈.၈၅** | **၀.၆၄** | **၆.၆၉** | **၇.၀၇** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် | | ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | ဇန်နဝါရီလ (ကျပ်) | ဖေဖော်ဝါရီလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၄၈၁.၆၂ | ၁၄၉၀.၂၆ | ၁၃၇၂.၆၉ | ၀.၅၈ | ၈.၅၆ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၂၃၉.၈၆ | ၆၂၆၀.၂၃ | ၅၃၄၄.၇၁ | ၀.၃၄ | ၁၇.၁၅ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၃၉၅.၆၃ | ၆၄၇၅.၆၃ | ၅၇၅၇.၉၈ | ၁.၂၅ | ၁၂.၄၆ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၅၅.၇၀ | ၂၀၈၅.၃၂ | ၂၁၀၃.၈၄ | ၁.၄၄ | -၀.၈၈ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၀၅၇.၀၃ | ၇၁၄၅.၆၃ | ၆၇၅၉.၉၂ | ၁.၂၆ | ၅.၇၁ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၅၃၃.၁၁ | ၉၅၅၆.၇၆ | ၉၀၁၄.၆၈ | ၀.၂၅ | ၆.၀၁ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၂၆၆၀.၄၀ | ၁၂၇၈၉.၃၀ | ၁၀၆၂၀.၂၃ | ၁.၀၁ | ၂၀.၄၁ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၀၈.၈၄ | ၁၈၃၃.၄၁ | ၁၆၁၁.၂၁ | ၁.၃၆ | ၁၃.၇၉ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၃၆.၀၈ | ၁၃၄၁.၈၈ | ၁၁၆၆.၄၀ | ၀.၄၃ | ၁၅.၀၄ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၀၄၅.၀၀ | ၈၁၇၈.၃၃ | ၇၃၈၃.၉၈ | ၁.၆၆ | ၁၀.၇၆ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၀၀၄.၁၅ | ၈၁၄၉.၂၂ | ၇၆၂၉.၅၃ | ၁.၈၁ | ၆.၈၁ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၂၉.၀၂ | ၄၆၀၉.၈၂ | ၄၅၁၀.၂၇ | ၁.၇၈ | ၂.၂၁ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၁၈၇၀.၂၁ | ၃၁၉၀၃.၄၀ | ၂၈၁၉၉.၅၇ | ၀.၁၀ | ၁၃.၁၃ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၉၅၆၇.၁၆ | ၂၉၅၃၇.၇၅ | ၂၇၅၇၀.၅၉ | -၀.၁၀ | ၇.၁၃ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၀၆.၁၉ | ၃၃၁၃.၇၂ | ၃၂၀၃.၁၀ | ၀.၂၃ | ၃.၄၅ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၇၃၇.၁၈ | ၇၅၀.၄၂ | ၁၁၂၁.၈၅ | ၁.၈၀ | -၃၃.၁၁ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၇၄.၁၆ | ၂၃၅၂.၉၀ | ၂၉၈၂.၅၆ | -၀.၉၀ | -၂၁.၁၁ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၅၉.၀၄ | ၁၁၈၆.၉၅ | ၁၀၇၂.၃၈ | ၂.၄၁ | ၁၀.၆၈ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၁၇၃.၆၈ | ၂၁၄၁.၇၃ | ၃၈၆၅.၈၅ | -၁.၄၇ | -၄၄.၆၀ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၂၇၂.၂၀ | ၁၀၆၆.၆၀ | ၂၄၈၈.၀၀ | -၁၆.၁၆ | -၅၇.၁၃ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၁၂၂.၃၄ | ၅၁၉၄.၆၈ | ၄၇၁၂.၉၄ | ၁.၄၁ | ၁၀.၂၂ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၂၆၉.၄၄ | ၅၂၆၉.၄၄ | ၅၀၃၅.၃၁ | ၀.၀၀ | ၄.၆၅ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၉၈၇၈၅၇.၉၆ | ၁၀၁၀၇၀၆.၁၉ | ၈၈၅၅၁၇.၀၅ | ၂.၃၁ | ၁၄.၁၄ |
| ၂၄ | ထင်း | | ပိဿာ | ၃၂၉.၆၅ | ၃၂၈.၆၄ | ၃၀၅.၆၁ | -၀.၃၀ | ၇.၅၄ |
| ၂၅ | မီးသွေး | | ။ | ၆၅၀.၄၄ | ၆၅၁.၀၉ | ၆၁၁.၁၅ | ၀.၁၀ | ၆.၅၄ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၃၃.၉၉ | ၄၃၅.၅၃ | ၄၀၇.၈၉ | ၀.၃၅ | ၆.၇၇ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၈၄.၈၀ | ၁၀၉၅.၉၁ | ၁၀၂၅.၄၃ | ၁.၀၂ | ၆.၈၇ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၄၁၇၃.၄၆ | ၄၂၃၇.၅၆ | ၃၈၉၅.၉၂ | ၁.၅၄ | ၈.၇၇ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၆၀၁.၉၅ | ၃၆၅၇.၈၂ | ၃၉၈၅.၆၁ | ၁.၅၅ | -၈.၂၂ |

## ဗဟား(၄)တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | | | | | ၂၀၁၉ ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ |
| စားသုံးသူဈေးဆန္ဒန်း(CPI) | ၁၃၉.၅၁ | ၁၃၉.၁၁ | ၁၃၉.၈၂ | ၁၄၀.၂၄ | ၁၄၁.၁၃ | ၁၄၂.၉၁ | ၁၄၄.၁၇ | ၁၄၅.၉၇ | ၁၄၇.၇၀ | ၁၄၈.၉၅ | ၁၄၇.၇၅ | ၁၄၇.၈၉ | ၁၄၈.၈၅ |
| စားသုံးသူဈေးဆန္ဒန်း(Core CPI) | ၁၁၈.၃၆ | ၁၁၈.၈၃ | ၁၁၉.၀၈ | ၁၁၉.၄၅ | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ | ၁၂၃.၄၀ | ၁၂၃.၉၆ | ၁၂၄.၆၉ | ၁၂၅.၁၉ | ၁၂၅.၈၅ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | | | | | | | | ၂၀၁၉ ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၅.၁၁ | ၅.၄၂ | ၅.၈၇ | ၅.၉၀ | ၆.၄၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ | ၈.၈၅ | ၈.၃၃ | ၆.၈၅ | ၆.၁၄ | ၆.၆၉ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၄.၈၅ | ၄.၆၉ | ၄.၇၈ | ၅.၀၅ | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ | ၆.၅၉ | ၆.၄၇ | ၆.၇၉ | ၆.၃၉ | ၆.၃၃ |